
နုယဉ်နုဗဝဂ်
ဒေဝမောင်မောင်နှင့်
မစ္ဆဘ

# ဒေဝမောင်မောင် နှင့် မဥ္ဇူသာ

## အပိုင်း(၁)

တစ်နေ့သ၌ စဉ့်အိုးတန်း ဆိပ်ကမ်းရှိ ထမင်းဆိုင်တစ်ခု၌ လူအများ ထမင်းစားသောက် နေကြလေ၏။ ထိုထမင်းဆိုင်လေးသည် ကုန်ရောင်း လာသူများ ခရီးသွားများ ဖြင့် စည်ကားလျက်ရှိနေ၏။ ထမင်းစားသူ အပေါင်းသည် ထမင်းဆိုင်၏ ဆက်ဆံရေးကောင်းမှု အရသာရှိမှုများ ကြောင့် ထိုထမင်းဆိုင်လေးမှ လွဲ၍ တခြားဆိုင်၌ မစားသောက်ကြပေ။

ထိုထမင်းဆိုင်လေး အတွင်း၌ အသက်၂၇နှစ်အရွယ် လူတစ်ဦးသည် ထမင်းကို မြိန်ရှက်စွာ စားသောက်နေ၏။ ၎င်းစားသောနေသော စား သောက်ဖွယ်ရာများ သည် အလွန်ကောင်းလေ၏။ ထောပတ်ထမင်း၊ ငါး ခြောက်ကြော်၊ ကြက်သားဟင်း၊ ငါးမန်းတောင်ဟင်းချို၊ မရမ်းသီး ထောင်း၊ ငါးပိရည် တို့ စရာများ ဖြင့် စုံလင်လှပေ၏။ ထိုသူသည် အနက် ရောင်ဥရောပ ဝတ်စုံကို ဝတ်ဆင်ထားပြီး ရပ်ရည် ချောမောသည် ထက် ဆွဲဆောင်မှု အားကောင်းသော လူတစ်ယောက်ဆိုလျှင် မမှားပေ။

ထိုသို့ လူအများ ထမင်းစားနေချိန် ဆိုင်အတွင်းသို့ လူတစ်စု ဝင်ရော က် လာလေ၏။ ထိုလူတစ်စုသည် ဆိုင်အတွင်းသို့ မျက်လုံး ဝေ့ကြည့် လို က်လေ၏။ ထိုလူရွယ်ထံသို့ အကြည့်ရောက်သွားသည် နှင့် လူတ ယောက်သည် လက်ညှိုးထိုးပြလေ၏။ ထိုအခါ ခေါင်းဆောင်သည် တစ်

ချက်မှု ပြုံးပြီး ထိုလူဆီသို့ လျှောက် လာလေ၏။ အနားသို့ရောက်သည်နှင့် ဓားဖြင့်ထောက်ကာ

"ဘယ်လိုလဲ မိတ်ဆွေ စားလို့ သောက်လို့ ကောင်းရဲ့ လားဗျ"ဟု ခေါင်းဆောင် ဖြစ်သူမှ မေး လိုက်လေ၏။ ထိုအခါ လူရွယ်သည်

"မိတ်ဆွေတို့ ပို့သတဲ့ မေတ္တာကြောင့် စားလို့ သောက်လို့ ကောင်းပါတယ်ဗျ" ဟု မခိုးမခန့် ပြန်ပြောလေ၏။ ထို့နောက် ခေါင်းဆောင်မှ

"မကြာခင် သေရတော့မယ့် သူဆိုတော့ ထမင်းလေးတော့ ဝအောင် စားခဲ့ပေ့ါဗျာ" ဟု ပြောကာ ဓားဦးချွန်လေးဖြင့် အသာလေး ပွတ်ဆွဲလိုက်လေ၏။ ထိုအခါ လူရွယ်မှ

"ဟေ့လူ ခင်ဗျား ဓားကြီးက ခါးကို မထောက်စမ်းပါနဲ့ ကျုပ်ယားတတ်လို့ ပါ လည်ပင်းကို ထောက်စမ်းပါ" ဟု ပြော လိုက်လေ၏။ ထိုအခါ ခေါင်းဆောင်ဖြစ်သူမှ

"ဒေဝမောင်မောင် ဒေဝမောင်မောင်နဲ့ နာမည်ကြီးနေတာ သတ္တိလည်း တည်ကောင်းတာပဲကိုး သေမဲ့အချိန်မှာ တောင် ယားနိုင်သေးတာကိုး ကဲ့ပါလေ ထမင်းစားပြီးပြီမလား ကိုယ့်လူ ကျုပ်တို့ နဲ့ လိုက်ခဲ့ပေတော့"

"နေစမ်းပါဦး သူထမင်းစားပြီးရင် ထမင်းဖိုးလေးတော့ ပေးရမှာပေ့ါ" ဟု ပြောကာ ဆိုင်ရှင်အား ကျသင့်ငွေရှင်းရန် လှမ်းခေါ် လိုက်လေ၏။

"ဟေ့ ဆိုင်ရှင် ဘယ်လောက်ကျလဲ ရှင်းမယ် "

"တမူးပါ" ဟု ပြောရာ ဒေဝမောင်မောင်မှ တမူး ထုပ်ပေး လိုက်လေ၏။ ထိုအခါ ခေါင်းဆောင်မှ

"ပြီးရင်လည်း သွားမယ်" ဟု ပြောကာ ဒေဝမောင်မောင်အား ဆွဲခေါ်လေ၏။ ထိုအခါ ဒေဝမောက်မောင်မှ

"နေစမ်းပါဦး ဖြည်းဖြည်းပေါ့ "

"ကျုပ်တို့ အချိန်မရဘူး" ဟု ခေါင်းဆောင်ဖြစ်သူမှ ပြောလေ၏။

ထိုအခါ ဒေဝမောင်မောင်မှ

"မလောပါနဲ့ ကိုယ့်လူရာ ကျုပ်ပြောစရာလေး ကျန်နေသေးလို့ ပါ "ဗျို့" အဒေါ်ကြီး ခင်ဗျားထမင်းက ထောပတ်နည်းတယ်၊ ငါးခြောက်ကြော်နဲ့ ကြက်သားဟင်းက အတော်ပဲ၊ ငါးမန်းတောင်ဟင်းက ဆားလေးတယ်၊ မရမ်းသီးထောင်းက ဆားပေါ့တယ် အဲဒါလေးတွေ ပြင်ဆင်လိုက်ရင် အရသာက ပိုကောင်းသွားမှာ ၊ ဒါပဲဗျာ ကံမကုန်ရင် နောက်တစ်ခေါက် လာစားပါဦးမယ် ခုတော့ သွားပြီ" ဟု ပြောကာ ဒေဝမောင်မောင်သည် လူတစ်စု၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။

ထိုအခါ ကျန်ခဲ့သော ထမင်းစားသူများ နှင့် ထမင်းဆိုင် ပိုင်ရှင်တို့ သည် အံ့ဩမှ င်တက်ကာ သတ္တိကောင်းသော လူငယ်အား ချီးကျူးနေကြလေ၏။

"သေဖို့ သွားတာတောင် ထမင်းနဲ့ ဟင်းကို ဝေဖန်သွားသေးတယ်"

"အေးဗျာ ဓားနဲ့ ထောက်တာတောင် ကြောက်ဟန်မတူဘဲ ရိသဲ့သဲ့နဲ့ အတော်သတ္တိရှိတဲ့ လူငယ်ပဲ" ဟု ဝိုင်းဝန်း ပြောဆိုနေကြပြီး ထိုလူငယ်အား ခေါ်ဆောင်သွားရာသို့ ငေးမောကြည့်ရှုကာ ချီးကျူးနေကြ၏။

အထက်ပါ အဖြစ်အပြတ်များ ဖြစ်ပွားပြီး တစ်ပတ်ခန့်အကြာတွင် ကမ်းနားဆိပ်ကမ်း၌ လူတစ်ယောက်သည် စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေလေ၏။ ထို့နောက် ထိုလူသည် မြစ်ထဲသို့ ခုန်ချရန် ပြင် လိုက်လေ၏။

ထိုအချိန်၌ လူတစ်ယောက်က နောက်မှ လှမ်းဆွဲ လိုက်လေ၏။ ခုန်ချရန် ပြင်နေသော လူငယ်သည် ထိုလူအား

"ကျုပ်ကို မဆွဲပါနဲ့ ဗျာ ကျုပ်သေချင်လို့ ပါ"

"ခင်ဗျား က ဘာလို့ သေချင်တာလဲ "

"ကျုပ်မှာ အားကိုးစရာ အဖေလည်း မရှိ အမေလည်း မရှိ နေစရာအိမ်ကလည်း အကြွေးနဲ့ သိမ်းသွားပြီ ကျုပ်မှာ ဘာတစ်ခုမှ မရှိတော့ဘူး အဲဒါကြောင့် ကျုပ်သေပါရစေဗျာ"

"မလုပ်ကောင်းတာတွေ မလုပ်စမ်းပါနဲ့ ခင်ဗျားမှာ ပိုင်ဆိုင်မှုတွေ အများကြီး ရှိနေသေးတာပဲ ဘာလို့ တစ်ခုမှ မရှိဘူးပြောတာလဲ" ဟု ထိုလူမှ မေးလိုက်ရာ လူငယ်သည် ခေါင်းကုတ်ပြီး တစ်ချက်မျှ စဉ်းစား လိုက်လေ၏။ ထို့နောက် အဖြေမပေါ်ဘဲ ရှိနေသည့်အတွက် ထိုလူအား

"ကျုပ်မှာ ဘာတွေ ရှိသေးလို့ လဲ" ဟု မေး လိုက်လေ၏။ ထိုအခါ ထိုလူမှ လူငယ်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး

"ခင်ဗျားမှာ ဖွဲလုံ့လ မျှော်လင့်ချက် စွန့်စားနိုင်တဲ့ စိတ်တွေ ကျန်နေသေးတာပဲ၊ ခင်ဗျား ကျုပ်နဲ့ လိုက်မလား စွန့်စားရဲရင်ပေါ့"

"ဘာကို စွန့်စားရမှာ လဲ ကျုပ်မှာ အားကိုးစရာ မရှိတာနဲ့ စာရင် ခင်ဗျားနဲ့ လိုက်တာက ကောင်းပါလိမ့်မယ် ကျုပ်လိုက်ခဲ့ပါမယ် " ဟု ပြောလိုက်ရာ ထိုလူမှ

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ "

"ကျုပ်နာမည် ရဲထွန်း "

"နာမည်ကတော့ ရဲလည်း ရဲသလို ထွန်းလည်း ထွန်းတောက်မဲ့ အမိ

ပွာယ်ပဲ" ဟု ထိုလူမှ ပြောရာ ရဲထွန်းမှ

"ခင်ဗျားနာမည်ကရော နောက်ပြီး ဘာတွေ စွန့်စားရမှာ လဲ"

"ကျုပ်နာမည် ဒေဝမောင်မောင် အသက်ကို အသက်နဲ့ စွန်စားရမှာ တွေပဲ လိုက်နိုင်ပ့ါမလား"

"စိတ်ချပါဗျာ ကျုပ်က ဆုံးဖြတ်ပြီးရင် မပြင်တတ်ဘူး" ဟု ပြောကာ ရဲထွန်းတစ်ယောက် ဒေဝမောင်မောင်နောက်သို့ လိုက်ပါသွားလေ၏။ ထို့နောက် ဒေဝမောင်မောင်နှင့် ရဲထွန်းတို့ သည် တက်စီကားလေးဖြင့် အဝေးပြေးကားဂိတ်သို့ ထွက်ခွာ လာလေ၏။ ရဲထွန်းမှာ မူ ဒေဝမောင်မောင် ဘာတွေ လုပ်မလဲဆိုသည် ကို မသိရသေးပေမဲ့ ဒေဝမောင်မောင်ကို ကြည့်ပြီး ရဲရင့်တည်ကြည်ပြီး စနစ်တကျ လုပ်လေ့ရှိသော လူတစ်ယောက် ဖြစ်လိမ့်မယ်ဟု ယုံကြည်ထားသည် ။

သူတို့ စီးလာသော အဝေးပြေးကားကြီးသည် တစ်ညလုံး မောင်းနှင်လာရာ မနက်ဝေလီဝေလင်းတွင် ထားဝယ်မြို့သို့ ရောက်လေ၏။ ထားဝယ်မြို့သို့ ရောက်သောအခါ ဒေဝမောင်မောင်နောက် လိုက်ရလေ၏။ သူသည် အိမ်ကြီးအိမ်ကောင်း တစ်ခု အနားသို့ ရောက်သောအခါ တံခါးပေါက်မှ လူခေါ်ခေါင်းလောင်းအား လှုပ်ယမ်း လိုက်လေ၏။ ထိုအခါ အိမ်အတွင်းမှ မျက်နှာ မှုန်ကုပ်ကုပ်နှင့် လူရွယ်တစ်ဦး ထွက် လာလေ၏။ ထိုလူသည် ဒေဝမောင်မောင်ကို မြင်သည် နှင့်

"ဟာ ဆရာဒေဝမောင်မောင် အမလေး မျှော်လိုက်ရတာ ဆရာရယ် လာမှ လာပ့ါမလားလို့ "

"လာမှာ ပေ့ါ ကိုလူရယ် " ဟု ပြော လိုက်လေ၏။ ထိုအခါ မှုန်ကုပ်ကုပ်နှင့် လူသည် ရဲထွန်းအား တစ်ချက်ကြည့်ကာ

"ဆရာဒေဝမောင်မောင် သူက ဘယ်သူလဲဗျ"

"သူနာမည်က ရဲထွန်းတဲ့ သူကိုယ်သူ သက်သေမလို့ လုပ်နေတုန်း ခေါ်လာတာ သူလည်း စွန့်စားလိမ့်မယ်"ဟု ဒေဝမောင်မောင်မှ ပြောရာ ထိုမှုန်ကုပ်ကုပ်နှင့်လူမှ

"တွေ့ရတာ ဝမ်းသာပါတယ် ကိုရဲထွန်း ကျုပ်နာမည်က မိုးကောင်း ဆရာဒေဝမောင်မောင် ကတော့ ကျုပ်ကို ဘိန်းစားမိုးကောင်းလို့ ခေါ်တယ်"ဟု သူနာမည်အား ပြောပြကာ အိမ်အတွင်းသို့ ဝင်ရန် ပြောလေ၏။ ထိုအခါ ဒေဝမောင်မောင်သည် ရှေ့မှ ဝင်ရောက်သွားလေရာ ရဲထွန်းနှင့် ဘိန်းစားမိုးကောင်းလည်း နောက်မှ လိုက်ဝင်ကြလေ၏။

ဒေဝမောင်မောင်သည် ဧည့်ခန်းထဲတွင် ရှိသော စားပွဲပေါ်မှ မြေပုံတစ်ခုကို ကောက်ယူကာ ကြည့်ရှုနေလေ၏။ ထိုအခါ ရဲထွန်းလည်း သိချင်ဇောနှင့် အနားတိုးကာ ကြည့် လိုက်လေ၏။ မြေပုံအပေါ်ဆုံး၌ မဥ္ဇူသာဟု ရေးထားလေ၏။ ထို့ကြောင့် ရဲထွန်းလည်း

"ကိုဒေဝမောင်မောင် မဥ္ဇူသာဆိုပြီး တံဆိပ်ရိုက်ထားတဲ့ ဒီမြေပုံက ဘာမြေပုံလဲဗျ"

"ဒါက ရတနာမြေပုံဗျ မဥ္ဇူသာ ဆိုတာ ရွှေသေတ္တာလို့ အဓိပ္ပာယ်ရတယ် ကျုပ်တို့ စွန့်စားရမှာ က အခု ရွှေသေတ္တာရဖို့ ပဲ အသက်စွန့်သင့်စွန့်ရမှာ ခင်ဗျားအတွက်လည်း စားဖို့ သောက်ဖို့ နေဖို့ ထိုင်ဖို့ စီစဉ်ပေးပါ့မယ်။ ခရီးကတော့ မနက်ဖြန် ထွက်ကြရလိမ့်မယ် မိုးကောင်း မင်းအားလုံး စီစဉ်ပြီးပြီလား"

"ဟုတ်ကဲ့ ဆရာဒေဝမောင်မောင် ကျုပ်အားလုံး စီစဉ်ထားပါတယ် လိုအပ်တာတွေ အကုန်ဝယ်ခြမ်း ထားပြီးပြီ မနက်ဖြန် ခရီးထွက်ဖို့ ပဲလိုတယ်။ အော် မေ့လို့ ကျုပ်တို့ နောက်ကို မြွေဆိုး မြွေဟောက်ဂိုဏ်းက

နောက်ယောင်ခံ လိုက်နေတယ်" ဟု ဘိန်းစားမိုးကောင်းမှ ပြောလိုက်ရာ ရဲထွန်းမှ

"မြွေဆိုးမြွေဟောက်ဂိုဏ်း ဆိုတာ ဘာလဲ ကိုဒေဝမောင်မောင် "ဟု မေး လိုက်လေ၏။ ထိုအခါ ဒေဝမောင်မောင်မှ

"မြွေးဆိုးမြွေဟောက်ဂိုဏ်း ဆိုတာ လျှို့ဝှက်အဖွဲ့ကြီး တစ်ခုဗျ ကြမ်းတမ်းရက်စက်တဲ့ အဖွဲ့ကြီးပေါ့ အဖွဲ့ဝင်တွေက တိုက်ခိုက်ရေးနဲ့ အဆိတ်ကို ကျွမ်းကျင် ပိုင်နိုင်ကြတယ် အလွန်တော်ကြတဲ့ အဖွဲ့အစည်းကြီးဗျ" ဟု ဒေဝမောင်မောင်မှ ရှင်းပြလေ၏။ ထိုအခါ ရဲထွန်းမှ ထက်မံ၍

"အဲဒီမြွေဆိုး မြွေဟောက်ဂိုဏ်းက ဘာလို့ ကျုပ်တို့ နောက်ကို လိုက်နေတာလဲဗျ"ဟု မေး လိုက်လေ၏။ ထိုအခါ ဒေဝမောင်မောင်မှ

"ကျုပ်က သူတို့ အဖွဲ့ရဲ့ ပစ္စည်းတစ်ခုကို ခိုးလာတာလေဗျာ အခု ကျုပ်တို့ ကြည့်နေတဲ့ မဉ္ဇူသာလို့ ခေါ်တဲ့ ရတနာမြေပုံက သူတို့ ဂိုဏ်းက ပစ္စည်းဗျ ကျုပ်ဝင်ပြီးခိုးလာတာ" ဟု ပြောပြလေ၏။

***